# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၂၀ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၉ - ၉ - ၂၀၁၁ ]
# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၀ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးကျော်သိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်သို့ မဟာဓါတ်အားလိုင်း ဆက်သွယ်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **တည်ဆောက်ထားပြီး လျှပ်စစ်မြစ်ရေတင် စီမံကိန်းများမှ စိုက်ပျိုးရေပေးဝေရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ ကျေးရွာများအား တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ် လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ကျောက်ဖြူကမ်းလွန်ရေနံနှင့်သဘာဝဓါတ်ငွေ့ ရရှိမှုကို အခြေခံ၍ ရခိုင်ပြည်နယ်တွင် မဟာလျှပ်စစ်ဓါတ်အားလိုင်း ရရှိရေးကို စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **မဂ္ဂါဝပ် ၆၀၀ ခန့် ထုတ်လုပ်နိုင်မည့် တနင်္သာရီမြို့နယ်၊ ဂဏန်းကွင်း ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံကို စီမံကိန်းလျာထားချက်အတိုင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ၏ **စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ကြံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ယခုအခြေအနေထက် ပိုမိုပြီးဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ၏ **ကြံစိုက်တောင်သူများ၏ဘဝရပ်တည်ရှင်သန်ရေးကို ရှေးရှု၍ နိုင်ငံတော်မှ ထွက်ရှိသော သီးနှံဈေးနှုန်းကို ဂရုတစိုက်နှင့် စာနာနားလည်မှု အပြည့်ဖြင့် ထိုက်သင့်သော ဈေးနှုန်းများ ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **စစ်တွေမြို့တွင် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးမည့် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဆန်စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၏ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များရှိ တောင်သူများနှင့် သီးနှံအထူးပြု ကုမ္ပဏီကြီးများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဋ) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ကချင်ပြည်နယ်၊ မိုးညှင်း မြို့နယ်ရှိ အင်းတော်ကြီးကန် မတိမ်ကောရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ မည်သို့ စီမံထားရှိသည်ကို သိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဌ) ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့၌ စံချိန်စံညွှန်းမီ ဘောလုံးကွင်းတစ်ကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမ အဆောက်အဦတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်က ပြည်သူ့ငွေစာရင်း ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်က လွှတ်တော် အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း။

၉။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူးက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း။

၁၁။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၂။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၀ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၁ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။